## ၂၀၂၁ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အခမ်းအနားသို့

## မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်မှ ပေးပို့သည့်

## သဝဏ်လွှာ

၂၀၂၁ ခုနှစ် စက်တင်ဘာလ (၁၁) ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခါသမယတွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကြက်ခြေနီအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ အားလုံး ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ၂၀၀၃ ခုနှစ်မှ စတင်ပြီး ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုအခါတွင် (၁၉) ကြိမ်မြောက်ရှိခဲ့ပြီ ဖြစ်ပေသည်။

အသင်းသည် စွမ်းဆောင်ရည်ပြည့်ဝသည့် အမျိုးသားကြက်ခြေနီအသင်း (Well Functioning National Society) အဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် ဘေးဒုက္ခကျရောက်လွယ်ဆုံးသူများအတွက် ၎င်းတို့နှင့် အတူ အချိန်အခါမရွေး ပူးပေါင်းဆောင်ရွက်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဦးဆောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်လာစေရေးအတွက်လည်းကောင်းမျှော်မှန်းပြီး (၂၀၂၁ - ၂၀၂၅) ငါးနှစ်တာမဟာဗျူဟာရည်မှန်းချက်များ ချမှတ်ပြီး ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ စွမ်းပကားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရှေးဦးပြုစုခြင်းသည် အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိပေသည်။

ရှေးဦးပြုစုခြင်းသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အမြုတေ ကျောရိုးမဏ္ဍိုင်ဖြစ်ပြီး ပညာရပ်များပြန့်ပွားရေးအတွက် အသင်း၏ ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပြီး စီမံချက်၊

စီမံကိန်း လုပ်ငန်းများတွင် ကနဦးလုပ်ငန်းအနေဖြင့် စတင်ဆောင်ရွက်လျက် ရှိနေပြီ ဖြစ်ပေသည်။

ကြက်ခြေနီလှုပ်ရှားမှု၏ အဓိကကဏ္ဍတစ်ရပ်ဖြစ်သည့် ရှေးဦးပြုစုခြင်းအတတ်ပညာဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် နာမကျန်း ဖြစ်သောသူများကို ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ ထံမရောက်မီ လူနာများ၏ အသက်မဆုံးရှုံးစေရေး၊ ဒဏ်ရာအခြေအနေ ပိုမိုမဆိုးဝါးစေရေးနှင့် အမြန်ဆုံးပြန်လည်ကောင်းမွန်လာ စေရေးအတွက် ကနဦးရှေးဦးပြုစုပေးခြင်းဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာရှေးဦးပြုစုခြင်းအပြင် စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်းကိုပါ ဒွန်တွဲဆောင်ရွက်ရသည့် ပညာရပ်ဖြစ်ပေသည်။

ရှေးဦးပြုစုခြင်းပညာရပ်များကို တတ်မြောက်ထားခြင်းအားဖြင့် လူသားချင်းစာနာ ထောက်ထားမှု၏ စံနမူနာပြအဖြစ် ထိခိုက်ဒဏ်ရာရရှိသူများ၏ မဆုံးရှုံးသင့်သော အသက်များကို ကယ်တင်ပေးနိုင်သည့်အပြင် ခန္ဓာကိုယ်မသန်စွမ်းမှုများကိုလည်း ကာကွယ်ပေးနိုင်မည် ဖြစ်ပါပေသည်။

ကြက်ခြေနီစေတနာ လုပ်အားရှင်များမှ နေ့စဉ်ကြုံတွေ့နေရသည့် မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများ၊ သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခအခြေအနေများနှင့် COVID-19 ကူးစက်ရောဂါ ဖြစ်ပွားစဉ် ကာလများတွင် ထိခိုက်ဒဏ်ရာရရှိသူများကို ခွဲခြားမှုမရှိပဲ မွန်မြတ်သည့် လူမှုကရုဏာစိတ်ဓာတ်ဖြင့် ရှေးဦးပြုစုခြင်းနှင့် စိတ်ပိုင်းဆိုင်ရာအားပေး ကူညီခြင်းလုပ်ငန်းများကို စွမ်းစွမ်းတမံကူညီဆောင်ရွက်ပေးလျက်ရှိသလို အသင်းခွဲ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့မြင်ရပေသည်။

သာဓကအားဖြင့် ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၂) ရက် ညပိုင်းတွင် ကျိုက္ကမီတိုက်နယ်ဆေးရုံမှ ကလေးမွေးဖွားရန် ခက်ခဲနေသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးအား သံဖြူဇရပ်ကြက်ခြေနီအသင်းခွဲမှ ဒုတိယမြို့နယ်တပ်ဖွဲ့မှူး ဦးသန့်ဇင်ဦးနှင့် တပ်ခွဲမှူးဒေါ်သီသီမွန်တို့မှ မွေးလူနာအား ကျိုက္ကမီမှ မော်လမြိုင်ဆေးရုံသို့ အသင်းပိုင်ယာဉ်ဖြင့် ပို့ဆောင်စဉ် သံဖြူဇရပ်မြို့အဝင်၌ ကလေးမွေးဖွားရတော့မည့် အနေအထားဖြစ်လာသည့်အတွက် လူနာတင်ယာဉ်ပေါ်မှာပင် စနစ်တကျအောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်ကို တွေ့ရှိရပေသည်။

ဒုတိယသာဓကအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ မကွေးတိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပြီး ၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့က ချင်းပြည်နယ်၊ မင်းတပ်မြို့ရှိ တိုက်ပွဲရှောင်များထဲမှ ထိခိုက် ဒဏ်ရာရရှိသည့် ကလေးငယ် (၂) ဦး၊ နာမကျန်းကလေးငယ် (၁) ဦး၊ စုစုပေါင်း (၃) ဦးကို ကျောက်ထုမြို့မှ တစ်ဆင့် ပခုက္ကူဆေးရုံသို့ ပို့ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာအာဏာပိုင်များ၊ ဒေသဆိုင်ရာခေါင်းဆောင်များနှင့်ညှိနှိုင်းခဲ့ပြီး ဒေသခံများ၏အကူအညီဖြင့် လူနာ ကလေးငယ်များကို ကျောက်ထုမြို့အထိလာရောက်ပို့ဆောင်ပေးခဲ့ပြီး ပခုက္ကူကြက်ခြေနီ တပ်ဖွဲ့မှ တပ်ခွဲမှူး ဦးဇင်နိုင်ဦး အဖွဲ့မှ အသင်းပိုင် လူနာတင်ယာဉ် (၂) စီးဖြင့် ကျောက်ထုမြို့မှ ပခုက္ကူဆေးရုံသို့ ဆက်လက်ဆေးကုသမှုခံယူနိုင်ရေးအတွက် စနစ်တကျ လွှဲပြောင်းပေး နိုင်ခဲ့သည်ကို တွေ့ရှိရပေသည်။

ယင်းသာဓကများကဲ့သို့ပင် တိုင်းဒေသကြီး၊ ပြည်နယ်၊ခရိုင်၊မြို့နယ်အသီးသီးတွင် ထိခိုက် ဒဏ်ရာရရှိသူများအား လိုအပ်သည့် ရှေးဦးပြုစုခြင်းဆိုင်ရာအကူအညီများကို ချက်ချင်း တုန့်ပြန် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် အများပြည်သူ၏ အားကိုးယုံကြည်မှုများ ရရှိနေပြီ ဖြစ်ပေသည်။ ထို့အတွက်ကြောင့် ရှေးဦးပြုစုခြင်းဖြင့် အသင်း၏ ပုံရိပ်မြင့်တက် လာအောင် ဆောင်ရွက်ပေးခဲ့သူများ၊ အများပြည်သူအတွက်ကူညီရင်း မိမိအသက်ကို စွန့်လွှတ်ရသူများ အတွက်လည်း အသင်းမှအထူးပင် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပေသည်။

ယခုနှစ် ၂၀၂၁ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့၏ ဆောင်ပုဒ်မှာ “ရှေးဦးပြုစုသူရဲကောင်းများ ကျောင်းနှင့်ရပ်ရွာမှာမွေးထုတ်ထား ”၊ “Be a First Aid hero at school and in your community” ဖြစ်ပါသည်။ ယင်းဆောင်ပုဒ်သည် အသင်း၏ ရှေးဦးပြုစုခြင်းပန်းတိုင်ဖြစ်သည့် “ပြည်သူလူထုတိုင်းရှေးဦးပြုစုခြင်းတတ်မြောက်စေရန်နှင့် တတ်မြောက်ထားသည့် ရှေးဦး ပြုစုခြင်းပညာရပ်များဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်” ဆိုသည့် ပန်းတိုင်နှင့်ထပ်ဟပ်လျက်ရှိပေသည်။

အသင်းအနေဖြင့် အသင်းစတင်တည်ထောင်စဉ်ကာလကပင် အသင်းခွဲဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေးဦးပြုစုခြင်းဆိုင်ရာလုပ်ငန်းများတွင် ကျောင်းအတွင်းရှိ ကျောင်းသားလူငယ်များပါဝင် လာစေရေးအတွက် ကျောင်းကြက်ခြေနီအသင်းများဖွဲ့စည်းပြီး အခြေခံပညာ ဆရာဆရာမ များအတွက် ရှေးဦးပြုစုခြင်း (နည်းပြ)သင်တန်းများဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပေသည်။

ကြက်ခြေနီနှင့် ပညာရေးဌာနမှ သင်တန်းဆင်း နည်းပြများအတူလက်တွဲပြီး အခြေခံပညာ ကျောင်းများတွင် ရှေးဦးပြုစုခြင်းသင်တန်းများဖွင့်လှစ်ပြီး ရှေးဦးပြုစုသူများကို အစဉ်မွေးထုတ် ပေးလျက်ရှိသည့် အစဉ်အလာကောင်းများကို ယင်းဆောင်ပုဒ်ဖြင့် ဆက်လက် ထိန်းသိမ်း သွားရမည် ဖြစ်ပေသည်။

ကျောင်းသားလူငယ်ကလေးများအနေဖြင့် ငယ်စဉ်ဘဝကတည်းကပင် ၎င်းတို့၏အသိစိတ် အစဉ်တွင် ရှေးဦးပြုစုခြင်းဘာသာရပ်များ၏ သတင်းအချက်အလက်၊ ကျွမ်းကျင်မှုများကို သိရှိတတ်မြောက်ထားခြင်းဖြင့် သက်တူရွယ်တူကလေးများ၊ မိသားစုဝင်များနှင့် ပတ်ဝန်းကျင် ရှိသူများအနေဖြင့် ထိခိုက်ဒဏ်ရာရရှိသည့်အချိန်တွင် ချက်ချင်းတုန့်ပြန်ပြုစုပေး နိုင်သည့် အပြင် ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများ၏ မွန်မြတ်သောစိတ်ထားများ ကိန်းအောင်း စေခြင်းဖြင့် အသင်းခွဲများအတွက် အသင်းဝင်အင်အားအဖြစ်တိုးပွားလာစေမည် သာမကပဲ အနာဂတ်လူမှုပတ်ဝန်းကျင်အတွက် ရှေးဦးပြုစုသူရဲကောင်းများအဖြစ် မွေးထုတ်ပေးနိုင်မည် ဖြစ်ပေသည်။

ယင်းအပြင် ရှေးဦးပြုစုခြင်းပညာရပ်များကို ကြက်ခြေနီစေတနာလုပ်အားရှင်များသာမကပဲ ရပ်ရွာလူမှုအသိုင်းအဝိုင်းရှိ ပြည်သူလူထုအားလုံး၊ မိတ်ဖက်အဖွဲ့အစည်းများအားလုံး လက်လှမ်းမီ တတ်မြောက်နိုင်ရေးနှင့် ရှေးဦးပြုစုခြင်းကို လူတိုင်းပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း ကိုသိရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်မှာ ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ တာဝန်ပင် ဖြစ်ပေသည်။

ကြက်ခြေနီမှ လက်ဆင့်ကမ်းဖြန့်ဝေပေးသည့် ရှေးဦးပြုစုခြင်းပညာရပ်များကို ပြည်သူ လူထုများ သိရှိ၊ နားလည်၊ လက်ခံလာရေးသည် အင်မတန်မှ အရေးကြီးလှပေသည်။ ရှေးဦးပြုစုခြင်း၏ အကျိုးထိရောက်မှုကို နားလည်လက်ခံလာခြင်းဖြင့် ၎င်းတို့၏ ရပ်ရွာအတွင်း ထိခိုက်ဒဏ်ရာရရှိမှုများကို မိမိတို့ကိုယ်တိုင် ရှေးဦးပြုစုခြင်းဖြင့် ချက်ချင်းတုန့်ပြန်ဆောင်ရွက် နိုင်မည်ဖြစ်ပြီး ရပ်ရွာအတွင်း ကြက်ခြေနီမှမွေးထုတ်ပေးခဲ့သည့် ရှေးဦးပြုစုသူရဲကောင်းများ ဖြစ်လာမည်ဖြစ်ပေသည်။

သို့မှသာလျှင် ပြည်သူလူထု တစ်ဦးချင်း၏ ရှေးဦးပြုစုခြင်း ကိုယ်ပိုင်စွမ်းရည်များ တိုးတက် လာပြီး လူမှုအသိုင်းအဝိုင်းအတွင်း လူသားချင်းစာနာမှုကို အခြေခံသည့် ရှေးဦးပြုစုခြင်း သူရဲကောင်းများအဖြစ် လူမှုကရုဏာကောင်းကျိုးများ ဖြစ်ထွန်းစေမည်ဖြစ်သည့်အပြင်

ကြက်ခြေနီ၏ ရှေးဦးပြုစုခြင်းလုပ်ငန်းများတွင် မိမိတို့နည်းတူ ဂုဏ်ယူနိုင်မည့် ရှေးဦးပြုစုသူရဲကောင်းများအဖြစ် အတူလက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်မည့် အကျိုး ကျေးဇူးများ ရရှိလာမည် ဖြစ်ပေသည်။

နိဂုံးချုပ်အနေဖြင့် ၂၀၂၁ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခါသမယတွင် ကြက်ခြေနီစေတနာလုပ်အားရှင်များအနေဖြင့် ကြက်ခြေနီအခြေခံမူ (၇) ချက်ပါ အတိုင်း ခွဲခြားခြင်းမရှိခြင်းမူကို အစဉ်စောင့်ထိန်းပြီး ရှေးဦးပြုစုသူရဲကောင်းများကို ကျောင်းနှင့် ရပ်ရွာများတွင် မွေးထုတ်ခြင်း၊ လတ်တလော ဖြစ်ပေါ်နေသည့်အခြေအနေများနှင့် COVID-19 ကပ်ရောဂါ ကာကွယ်ထိန်းချုပ်တားဆီးရေးလုပ်ငန်းများတွင် ပြည်သူလူထုနှင့်အတူ ရှေးဦးပြုစုခြင်းပညာရပ်များဖြင့် နိုင်ငံအကျိုးပြု၊ ပြည်သူ့အကျိုးပြု၊ လူမှုကရုဏာ လုပ်ငန်းများကို ယခုထက်ပိုမိုပြီး စွမ်းစွမ်းတမံ အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းဆန္ဒပြုလိုက်ရပေသည်။

**ဒေါက်တာမောင်မောင်မြင့်**

**ဥက္ကဋ္ဌ**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**